# ဆလုံဘာသာစကားလေ့လာချက်

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မအေးနုခိုင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤဆလုံဘာသာစကားလေ့လာချက်ကျမ်းသည် မြန်မာနိုင်ငံ တောင်ဘက်အစွန်ဆုံး၊ တနင်္သာရီတိုင်း၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ် အတွင်းရှိ ဒုံးကျွန်း၊ ပုလဲအော်ရွာနှင့် ပုလောဝါးရွာတို့တွင် နေထိုင်သော ဆလုံလူမျိုးတို့ ပြောဆို သုံးနှုန်းသော ဆလုံဘာသာစကား၏ သွင်ပြင်လက္ခဏာများကို လေ့လာ ဖော်ထုတ်ထားသည့်ကျမ်း ဖြစ်ပါသည်။ အရေးအသားစနစ်မရှိသော ဆလုံလူမျိုးတို့၏ ဘာသာစကားမှာ တိမ်မြုပ်ပျောက်ကွယ်နိုင်သည့် အခြေအနေရှိသောကြောင့် ဆလုံဘာသာစကားကို အချိန်မီမှတ်တမ်းတင် သရုပ်ဖော်ခြင်းသည် မြန်မာတိုင်းရင်းသားမျိုးနွယ်စုများနှင့် ပတ်သက်၍ အကျိုးသက်ရောက်မှု ရှိသည့်အပြင် မျိုးရိုးမတူ ဘာသာစကားများ နှိုင်းယှဉ်လေ့လာရာအတွက်လည်း အရေးပါသည့် အခန်းမှ အထောက်အကူပြုနိုင်ပါသည်။ ဆလုံဘာသာစကားကို လေ့လာရာတွင် ဆလုံလူမျိုးတို့၏ သမိုင်းကြောင်း၊ စကားသံဖွဲ့ပုံ၊ စကားလုံးဖွဲ့ပုံ၊ ဝါကျဖွဲ့ပုံဟူ၍ လေ့လာဖော်ထုတ်ပါသည်။ လေ့လာတွေ့ရှိချက်များမှာ ဆလုံဘာသာ စကားတွင် ဗျည်း (၂၂)လုံးနှင့် သရအရေအတွက် (၈)ခု ရှိသည်ကို တွေ့ရသည်။ မြန်မာဘာသာစကား တွင် ရှိသော / hm /, / θ /, / ð /, / hn /, / hl /, /sh/, / z / , / ɕ /, / hɲ /, / hŋ / တို့မရှိကြောင်း လေ့လာတွေ့ရှိရသည်။ သရဖွဲ့စည်းပုံမှာ မြန်မာသရဖွဲ့စည်းပုံနှင့် တူညီမှုရှိပြီး သရတွဲ (၈)ခု ရှိသည်ကို တွေ့ရသည်။ မြန်မာဘာသာစကား၌ မတွေ့ရသော / iə /, / uə /, / ɔa /, / ɔɛ / သရတွဲတို့ကို တွေ့ရပါသည်။ ဗျည်းတွဲအနေဖြင့် အများဆုံး ဗျည်းနှစ်လုံးသာ တွဲနိုင်သည်။ ဒုတိယတွဲသောဗျည်းမှာ / w / ဗျည်း တစ်လုံးတည်း ဖြစ်သည်ကို တွေ့ရပါသည်။ ဆလုံဝဏ္ဏဖွဲ့ပုံတွင် OVO, OVC, CVO, CVC, CCVO ဝဏ္ဏဖွဲ့စည်းပုံမျိုးကို တွေ့ရပါသည်။ အဆုံးဗျည်းအနေဖြင့် / k /, / ŋ / , / t /, / n / , / p /, / m /, / h /, / ʔ / တို့ကို တွေ့ရသည်။ ဆလုံဘာသာစကားအမျိုးအစားမှာ ရုပ်သီးကဲ နေရာရွေး တစ်သီးပုဂ္ဂလ ဘာသာစကားမျိုး ဖြစ်သည်။ ဆလုံဘာသာစကားတွင် အသံအလျားရှိမှုကိုလည်း တွေ့ရ သည်။ စကားလုံးဖွဲ့စည်းပုံတွင် ရုပ်ရင်းနှင့် စကားလုံးဖွဲ့စည်းပုံတို့ကို ဖော်ပြထားပါသည်။ စကားလုံး ဖွဲ့စည်းပုံတွင် ရုပ်သီးနှင့် ရုပ်မှီးပေါင်းစပ် ဖွဲ့စည်းထားသော စကားရောပုံစံမျိုး မတွေ့ရသည်မှာ ထူးခြား သည်။ ဝါကျဖွဲ့ပုံအပိုင်းတွင် ပုဒ်ဖွဲ့ပုံကို ဦးစွာ လေ့လာတင်ပြပါသည်။ ဆလုံအခြေခံနာမ်ပုဒ်နှင့် အခြေခံ ကြိယာပုဒ်များသည် စကားလုံးနှင့်ပုဒ် အဆင့်ချင်းထပ်သည်ကို လေ့လာတွေ့ရှိရပါသည်။ ဝါကျခွဲများ၌ သီးခြားဝါကျခွဲနှင့် အမှီဝါကျခွဲတို့ကို တွေ့ရသည်။ သီးခြားဝါကျခွဲနှင့် အမှီဝါကျခွဲ မတူကြောင်းကို အမှီဝါကျခွဲပြ ဝိဘတ်ကသာ ခွဲခြားနိုင်ပါသည်။ ဝါကျဖွဲ့စည်းပုံတွင် ဝါကျရိုးနှင့် ဝါကျရော ပုံစံနှစ်မျိုးကို တွေ့ရပြီး ဝါကျရိုးကို အသုံးများသည်။ ဆလုံဝါကျရိုးဖွဲ့စည်းပုံသည် မြန်မာဝါကျရိုးဖွဲ့စည်းပုံနှင့် လုံးဝမတူဘဲ၊ ဋဥ ပုံစံဖြစ်ပြီး အင်္ဂလိပ်ဝါကျရိုးဖွဲ့စည်းပုံနှင့် တူညီပါသည်။ ထို့ကြောင့် ဆလုံဘာသာစကားသည် မြန်မာစကားနှင့် မျိုးရိုးမတူသည့် သီးခြားဘာသာစကားတစ်ခု အဖြစ် ကောက်ချက်ချနိုင်ပြီး မျိုးရိုးမတူဘာသာ စကားများကိုနှိုင်းယှဉ်လေ့လာရာ၌ များစွာ အကျိုးသက်ရောက်မှု ရှိမည်ဟု ထင်မြင်မိပါသည်။